## ထွက်ပေါ်လာမည့်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ်တွင် ရွေးကောက်ပွဲဝင်ရမည့်အချိန်၊ လွှတ်တော်ခေါ်ယူမည့်အချိန်နှင့် အာဏာလွှဲပြောင်းပေးမည့်အချိန်များကိုထည့်သွင်းထား

လက်ရှိကျင်းပဆဲဖြစ်သော အမျိုးသားညီလာခံမှာ ပြီးဆုံးတော့မည်ဖြစ်ကြောင်းနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်မှာလည်း ထွက်ပေါ်လာမည်ဖြစ်ကြောင်းသိရသည်။

ယင်းဥပဒေသစ်တွင်လွှတ်တော်ခေါ်မည့်အချိန်၊ ရွေးကောက်ပွဲဝင်မည့်အချိန်နှင့် အာဏာလွှဲပြောင်းပေးမည့်အချိန်တို့ကိုအတိအကျထည့်သွင်းထားကြောင်း တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးသိန်းကြည်က ကော့မှူးမြို့နယ်တွင်ပြုလုပ်သည့်နိုင်ငံရေးရှင်းလင်းပွဲတွင်ပြောကြားသွားခဲ့သည်။

''ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေတာမှာ သူ့အဆင့်နဲ့သူရှိပါတယ်။ အခု အမျိုးသားညီလာခံကိုကျင်းပနေ ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ရေးဆွဲနိုင်ဖို့အတွက်ပါ။ အခုညီလာခံကပြီးတော့မယ်။ ဒါပြီးရင် ဥပဒေအသစ်ထွက်ပေါ်လာတော့မှာပါ။ ဒါပေမဲ့ နိုင်ငံတော်ကစီမံတာဖြစ်လို့ ဘယ်အချိန်အတည်ပြုမယ်ဆိုတာတော့ မသိဘူး။ မြန်မယ်လို့တော့တင်ပါတယ်''ဟုရှင်းလင်းပြောပြသွားသည်။

ယခုရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသစ်ဖြစ်ကြောင်းနှင့် ၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်ကရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ မြန်မာပြည်သူတစ်ရပ်လုံးအား ကျွန်ဇာတ်သွင်းခဲ့သည့်ဥပဒေများသာဖြစ်ကြောင်း ယင်းရှင်းလင်းပွဲ၏ သဘာပတိခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒနှင့် လေ့လာရေးကျောင်းတော်သားစုမှ ဒုတိယအတွင်းရေးမှူး ဦးတင်စိုးကပြောကြားသွားခဲ့သည်။

''အခုရေးဆွဲတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ဟာ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွေနဲ့ခြားနားပါတယ်။ အခုက သမ္မတစနစ်နဲ့သွားမှာပါ။ ပါတီစုံစနစ် ဖြစ်တယ်။ ၁၉၇၄ ဥပဒေက သမ္မတစနစ်တော့ဟုတ်တယ်၊ ဒါပေမယ့်တစ်ပါတီစနစ်ဖြစ်တယ်။ ဗဟိုကအားလုံးချုပ်ကိုင် တယ်။ ဈေးကွက်ကိုဗဟိုကချုပ်ကိုင်တယ်။ ပြည်ပနဲ့ကူးသန်းဆက်သွယ်မှုပိတ်ထားတယ်။ ဥပဒေနှစ်ခုလုံးအဲဒီလိုပဲ စီးပွားရေးပိတ်ဆို့ထားတာပဲ''ဟု ၎င်းကသူ၏အမြင်ကိုပြောကြားသွားသည်။